**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# COVID-19 ရောဂါဖြစ်ပွားမှု ခြုံငုံသုံးသပ်မှုအခြေအနေ

# (၁၉-၆-၂၀၂၀ ရက်နေ့၊ ညနေ ၆:၀၀ နာရီ)

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် COVID-19 ရောဂါဖြစ်ပွားမှုဆိုင်ရာ သတင်းအချက်အလက်များ၊ ကျန်းမာရေးအသိပညာပေးခြင်း ဆောင်ရွက်မှုများကို ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ (https://mohs.gov.mm/Main/content/publication/2019-ncov) တွင် အချိန်နှင့်တစ်ပြေးညီ ဖော်ပြပေးလျက်ရှိပါသည်။

၁။ ဆေးရုံများ၌ တက်ရောက်ကုသလျက်ရှိသည့် COVID-19 လူနာစာရင်း

၂။ ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ

၃။ (က) တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် သတ်မှတ်နေရာများ၌ အသွားအလာကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုသည့် နေရာအရေအတွက်

(ခ) တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် သတ်မှတ်နေရာများ၌ အသွားအလာကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုနေသူဦးရေ

၄။ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ဆေးရုံတက်ရောက်ကုသမှုနှင့် လူနာစောင့်ကြပ်ကြည့်ရှုမှု ဆောင်ရွက်လျက်ရှိသည့် နေ့စဉ်အခြေအနေ

၅။ COVID-19 ရောဂါဖြစ်ပွားလျက်ရှိသော တိုင်းဒေသကြီး/ ပြည်နယ်နှင့် မြို့နယ်များစာရင်း

၆။ ရခိုင်ပြည်နယ်အတွင်း COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာများတွေ့ရှိရမှု အခြေအနေ

၇။ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် COVID-19 ရောဂါပိုးတွေ့ရှိမှုနှင့် ရောဂါပိုးကင်းစင်မှု အခြေအနေ (၂၃-၃-၂၀၂၀)ရက်နေ့မှ (၁၇-၆-၂၀၂၀)ရက်နေ့အထိ

၈။ ကမ္ဘာ့နိုင်ငံများတွင် COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေ

၉။ COVID-19 ကာကွယ်၊ ထိန်းချုပ်ရေးအတွက် တစ်ကိုယ်ရေသုံးရောဂါကာကွယ်ရေးပစ္စည်းများ ဝယ်ယူဖြန့်ဖြူးထားရှိမှုအခြေအနေ

၁၀။ COVID-19 နှင့်ပတ်သက်၍ အရွယ်ရောက်ပြီးသော မြန်မာလူမျိုးများ၏ ရောဂါအန္တရာယ်နှင့်ပတ်သက်သော သဘောထားအမြင်၊ ရောဂါကာကွယ်နိုင်မည့် နည်းလမ်းများနှင့် ပတ်သက်သော အသိအမြင်ကို လေ့လာသော သုတေသနစာတမ်း

၁၁။ အထွေထွေ

၁၂။ ပြည်သူများ ဝင်ရောက်ကြည့်ရှုသင့်သည့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ COVID-19 ဆိုင်ရာ အင်တာနက်လိပ်စာ Link များ-

(က) Myanmar COVID-19 Surveillance Dashboard

Mobile View: https://bit.ly/2W0cmeE

Desktop View: https://bit.ly/2KCvZnQ

(ခ) မြန်မာနိုင်ငံ၏ COVID-19 ရောဂါဖြစ်ပွားမှု အခြေအနေပြ အစီရင်ခံစာများ (Situation Reports) https://mohs.gov.mm/page/9575

(ဂ) ပြည်သူများအတွက် ကိုရိုနာဗိုင်းရပ်စ် COVID-19 ဆိုင်ရာ ကျန်းမာရေးအသိပညာ များ https://mohs.gov.mm/Main/content/publication/2019-ncov

(ဃ) ကျန်းမာရေးဝန်ထမ်းများအတွက် လုပ်ငန်းလမ်းညွှန်များ https://mohs.gov.mm/Main/content/publication/2019-ncov

(င) COVID-19 စောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေး အစည်းအဝေးများ၌ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာမြင့်ထွေး ၏ ပြောကြားချက်များမှ ကောက်နုတ်ချက်များ (၂၄-၁-၂၀၂၀) ရက်နေ့မှ (၁၆-၆-၂၀၂၀) ရက်နေ့အထိ https://mohs.gov.mm/page/10646

## ၁။ ဆေးရုံများ၌ တက်ရောက်ကုသလျက်ရှိသည့် COVID-19 လူနာစာရင်း

## (၁၉-၆-၂၀၂၀) ရက်နေ့၊ နံနက် ၇ နာရီ

| စဉ် | ဆေးရုံအမည် | ဓာတ်ခွဲအတည်ပြုလူနာ ဦးရေ (ဦး) |
|---|---|---|
| ၁။ | တောင်ဥက္ကလာပအထူးကုဆေးရုံကြီး၊ရန်ကုန်မြို့ | ၃၄ |
| ၂။ | ဝေဘာဂီအထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့ | ၃၉ |
| ၃။ | တပ်မတော်အသည်းရောဂါအထူးကုဆေးရုံကြီး | ၅ |
| ၄။ | ခရိုင်ပြည်သူ့ဆေးရုံ၊ မောင်တောမြို့ | ၅ |
| ၅။ | ပြည်သူ့ဆေးရုံကြီး၊ စစ်ကိုင်းမြို့ | ၂ |
| ၆။ | စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး၊ တောင်ကြီးမြို့ | ၂ |
| ၇။ | ပြည်သူ့ဆေးရုံကြီး၊ဟားခါးမြို့ | ၂ |
| ၈။ | ပြည်သူ့ဆေးရုံ၊တီးတိန်မြို့ | ၂ |
| ၉။ | ပြည်သူ့ဆေးရုံ၊ ဘူးသီးတောင်မြို့ | ၂ |
| ၁၀။ | ပြည်သူ့ဆေးရုံကြီး၊ ဘားအံမြို့ | ၂ |
| ၁၁။ | ပြည်သူ့ဆေးရုံကြီး၊ ပဲခူးမြို့ | ၁ |
| ၁၂။ | ပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့ | ၁ |
| ၁၃။ | ပြည်သူ့ဆေးရုံကြီး၊ ဗန်းမော်မြို့ | ၁ |
| ၁၄။ | ပြည်သူ့ဆေးရုံ၊ တောင်ကုတ်မြို့ | ၁ |
| ၁၅။ | ပြည်သူ့ဆေးရုံကြီး၊ မော်လမြိုင်မြို့ | ၄ |
| **စုစုပေါင်း** | | ၁၀၃ |

- ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း = ၂၈၆ ဦး
- စုစုပေါင်းသေဆုံးသူ = ၆ ဦး
- (၂)ကြိမ်ဆက် ပိုးမတွေ့ရှိရသူ = ၁၉၂ ဦး
- (၂) ကြိမ်ပိုးမတွေ့၍ ဆေးရုံဆင်းသူ = ၁၇၇ ဦး

## ၂။ ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ (၁၉-၆-၂၀၂၀ ရက်နေ့၊ နံနက် ၇ နာရီအထိ)

| စစ်ဆေးသည့် ရက်စွဲ | စောင့်ကြည့်လူနာ (PUI) | | အသွားအလာ ကန့်သတ်ထားရှိသူနှင့် ပိုးတွေ့လူနာဖြင့် အနီးကပ်ထိတွေ့သူ | | စုစုပေါင်း | |
|---|---|---|---|---|---|---|
| | ဓာတ်ခွဲ | ပိုးတွေ့ | ဓာတ်ခွဲ | ပိုးတွေ့ | ဓာတ်ခွဲ | ပိုးတွေ့ |
| (၃-၂-၂၀၂၀) မှ (၁၃-၆-၂၀၂၀) အထိ | ၅,၉၁၈ | ၆၅ | ၄၃,၈၁၁ | ၁၉၆ | ၄၉,၇၂၉ | ၂၆၁ |
| (၁၄-၆-၂၀၂၀) | ၄၅ | ၀ | ၁,၆၇၇ | ၁ | ၁,၇၂၂ | ၁ |
| (၁၅-၆-၂၀၂၀) | ၄၇ | ၀ | ၁,၈၅၃ | ၀ | ၁,၉၀၀ | ၀ |
| (၁၆-၆-၂၀၂၀) | ၅၇ | ၀ | ၂,၀၀၅ | ၀ | ၂,၀၆၂ | ၀ |
| (၁၇-၆-၂၀၂၀) | ၂၄ | ၀ | ၁,၂၈၉ | ၁ | ၁,၃၁၃ | ၁ |
| (၁၈-၆-၂၀၂၀) | ၃၉ | ၀ | ၁,၈၆၅ | ၂၃ | ၁,၉၀၄ | ၂၃ |
| စုစုပေါင်း | ၆,၁၃၀ | ၆၅ | ၅၂,၅၀၀ | ၂၂၁ | ၅၈,၆၃၀ | ၂၈၆ |

မှတ်ချက်။ မြန်မာနိုင်ငံ၏ COVID-19 ရောဂါဓာတ်ခွဲစစ်ဆေးတွေ့ရှိမှုအရ (1st Sample စစ်ဆေးမှု)

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့သူများ တွင် ၃.၃ %
- စောင့်ကြည့်လူနာများတွင် ၁.၁ %
- ရောဂါလက္ခဏာ ဖြစ်ပွားခြင်းမရှိသော်လည်း ပြည်တွင်း/ ပြည်ပခရီးသွားလာထားခြင်း ရာဇဝင်ရှိသည့်အတွက် အသွားအလာကန့်သတ်ထားသူများတွင် ၀.၃ %

၃။ (က) တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် သတ်မှတ်နေရာများ၌ အသွားအလာကန့်သတ် ၍ စောင့်ကြပ်ကြည့်ရှုသည့် နေရာအရေအတွက် (၁၉-၆-၂၀၂၀) ရက်နေ့ (၁၇:၀၀) နာရီအထိ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | အသွားအလာကန့်သတ်သည့် နေရာအရေအတွက် | | | | | |
|---|---|---|---|---|---|---|---|
| | | ၁၃/၆ | ၁၄/၆ | ၁၅/၆ | ၁၆/၆ | ၁၇/၆ | ၁၈/၆ |
| ၁။ | မကွေး | ၂,၆၄၇ | ၂,၆၄၇ | ၂,၆၄၇ | ၂,၆၃၅ | ၉၆၉ | ၉၆၉ |
| ၂။ | စစ်ကိုင်း | ၉၉၆ | ၉၉၆ | ၉၉၆ | ၉၆၉ | ၂,၆၃၅ | ၂,၆၃၅ |
| ၃။ | ကရင် | ၈၅၉ | ၉၇၀ | ၉၈၉ | ၁,၀၀၃ | ၃၉၇ | ၄၀၂ |
| ၄။ | ဧရာဝတီ | ၅၆၄ | ၅၅၄ | ၅၃၈ | ၅၃၄ | ၂၃၀ | ၂၂၅ |
| ၅။ | ရခိုင် | ၅၈၂ | ၅၁၄ | ၅၀၁ | ၅၀၁ | ၁၇၉ | ၁၄၁ |
| ၆။ | ပဲခူး | ၄၉၃ | ၄၉၂ | ၄၇၀ | ၄၇၀ | ၂၃၉ | ၂၃၉ |
| ၇။ | ရှမ်း (မြောက်) | ၄၀၁ | ၃၆၆ | ၃၅၆ | ၂၃၈ | ၄၆၆ | ၄၅၅ |
| ၈။ | ကချင် | ၃၃၀ | ၃၂၀ | ၃၀၉ | ၃၉၃ | ၅၀၁ | ၅၀၇ |
| ၉။ | မန္တလေး | ၂၅၇ | ၂၄၄ | ၁၉၅ | ၁၉၁ | ၁၉ | ၁၉ |
| ၁၀။ | တနင်္သာရီ | ၁၈၉ | ၁၈၉ | ၁၈၉ | ၁၈၉ | ၇၈ | ၈၁ |
| ၁၁။ | မွန် | ၂၅၂ | ၂၇၂ | ၃၀၀ | ၃၄၈ | ၁၈၉ | ၁၈၉ |
| ၁၂။ | ရှမ်း (တောင်) | ၁၂၂ | ၁၂၂ | ၁၂၂ | ၁၂၇ | ၁၂၈ | ၁၂၈ |
| ၁၃။ | ရန်ကုန် | ၇၉ | ၇၉ | ၇၉ | ၇၉ | ၁၁ | ၁၁ |
| ၁၄။ | ချင်း | ၃၂ | ၃၃ | ၃၃ | ၃၄ | ၃၃ | ၃၃ |
| ၁၅။ | ကယား | ၁၈ | ၁၈ | ၁၈ | ၁၈ | ၃၄၄ | ၃၄၅ |
| ၁၆။ | နေပြည်တော် | ၁၉ | ၁၉ | ၁၉ | ၁၉ | ၁၈ | ၁၈ |
| ၁၇။ | ရှမ်း (အရှေ့) | ၁၁ | ၁၁ | ၁၁ | ၁၁ | ၁,၀၀၇ | ၁,၀၁၂ |
| | စုစုပေါင်း | ၇,၈၅၁ | ၇,၈၄၆ | ၇,၇၇၂ | ၇,၇၅၉ | ၇,၄၄၃ | ၇,၄၀၉ |

## ၃။ (ခ) တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် သတ်မှတ်နေရာများ၌ အသွားအလာကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုနေသူဦးရေ (၁၉-၆-၂၀၂၀) ရက်နေ့ (၁၇:၀၀) နာရီအထိ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | အသွားအလာကန့်သတ်သည့် ဦးရေ | | | | | |
|---|---|---|---|---|---|---|---|
| | | ၁၃/၆ | ၁၄/၆ | ၁၅/၆ | ၁၆/၆ | ၁၇/၆ | ၁၈/၆ |
| ၁။ | ပဲခူး | ၆,၉၅၁ | ၆,၈၅၀ | ၆,၆၉၂ | ၆,၅၀၈ | ၆,၁၅၉ | ၆,၁၅၉ |
| ၂။ | မကွေး | ၆,၃၅၆ | ၆,၃၅၆ | ၆,၃၅၆ | ၆,၁၅၉ | ၆,၀၆၆ | ၅,၈၅၅ |
| ၃။ | ကရင် | ၄,၂၅၄ | ၄,၄၀၅ | ၄,၅၃၇ | ၄,၃၉၂ | ၄,၄၃၁ | ၄,၃၀၆ |
| ၄။ | မွန် | ၃,၅၄၄ | ၃,၇၈၂ | ၃,၈၆၅ | ၃,၇၉၂ | ၃၈၃၅ | ၃,၆၁၉ |
| ၅။ | ကချင် | ၃,၅၂၇ | ၃,၅၇၀ | ၃,၆၀၇ | ၃,၅၄၈ | ၃၄၄၉ | ၃,၃၃၂ |
| ၆။ | မန္တလေး | ၂,၈၁၀ | ၂,၇၇၉ | ၂,၇၂၈ | ၂,၆၅၆ | ၂၇၂၆ | ၂,၈၀၃ |
| ၇။ | ရန်ကုန် | ၂,၆၇၃ | ၂,၇၀၅ | ၂,၇၀၄ | ၂,၇၀၃ | ၂၄၇၀ | ၂,၃၇၀ |
| ၈။ | စစ်ကိုင်း | ၂,၅၀၀ | ၂,၄၉၅ | ၂,၄၄၈ | ၂,၄၁၇ | ၂၃၄၉ | ၂,၂၅၄ |
| ၉။ | ရခိုင် | ၂,၅၀၆ | ၂,၄၅၂ | ၂,၃၃၉ | ၂,၂၈၈ | ၂၂၆၆ | ၂,၂၂၄ |
| ၁၀။ | ဧရာဝတီ | ၂,၀၁၁ | ၁,၇၉၀ | ၁,၇၇၁ | ၁,၆၂၂ | ၁,၆၈၁ | ၁၆၇၆ |
| ၁၁။ | ရှမ်း (တောင်) | ၁,၇၆၈ | ၁,၆၉၉ | ၁,၇၅၆ | ၁,၆၀၀ | ၁,၆၄၅ | ၁,၆၀၃ |
| ၁၂။ | တနင်္သာရီ | ၁,၃၄၂ | ၁,၂၄၇ | ၁,၃၅၉ | ၁,၂၈၇ | ၁,၂၂၆ | ၁၂၆၉ |
| ၁၃။ | နေပြည်တော် | ၁,၂၂၈ | ၁,၁၈၄ | ၁,၁၀၆ | ၁,၀၆၆ | ၁,၀၀၆ | ၁,၀၆၇ |
| ၁၄။ | ရှမ်း (မြောက်) | ၁,၅၂၃ | ၉၈၁ | ၄၉၈ | ၁,၀၁၃ | ၁,၀၀၃ | ၁,၀၀၃ |
| ၁၅။ | ချင်း | ၂၅၄ | ၂၅၇ | ၂၅၅ | ၂၆၅ | ၂၆၄ | ၂၄၇ |
| ၁၆။ | ကယား | ၂၁၆ | ၂၀၈ | ၂၁၇ | ၂၀၆ | ၂၅၄ | ၁၉၀ |
| ၁၇။ | ရှမ်း (အရှေ့) | ၁၃၀ | ၁၃၆ | ၁၃၇ | ၂၅၈ | ၂၀၄ | ၁၇၇ |
| စုစုပေါင်း | | ၄၃,၅၉၃ | ၄၂,၈၉၆ | ၄၂,၃၇၅ | ၄၁,၇၈၀ | ၄၁,၀၃၄ | ၄၀,၁၅၄ |

သတ်မှတ်ကာလ (၂၁) ရက် ပြီးဆုံးသူများအား နေအိမ်၌ (၇)ရက် ဆက်လက် စောင့်ကြပ်ကြည့်ရှုသွားမည်ဖြစ်ပါသည်။

## ၄။ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ဆေးရုံတက်ရောက်ကုသမှုနှင့် လူနာစောင့်ကြပ်ကြည့်ရှုမှု ဆောင်ရွက်လျက်ရှိသည့် နေ့စဉ်အခြေအနေ (၁၉-၆-၂၀၂၀) ရက်နေ့၊ နံနက် ၇ နာရီ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ဆေးရုံ အရေအတွက် | လူနာဦးရေ | | | စုစုပေါင်း |
|---|---|---|---|---|---|---|
| | | | ပိုးတွေ့ | *ရောဂါ လက္ခဏာရှိ စောင့်ကြည့် | +ဆေးရုံတွင် အသွားအလာ ကန့်သတ် | |
| ၁။ | ရန်ကုန် | ၂၀ | ၇၃ | ၁၂၄ | ၈ | ၂၀၅ |
| ၂။ | မန္တလေး | ၆ | ၀ | ၃၉ | ၀ | ၃၉ |
| ၃။ | မကွေး | ၆ | ၁ | ၁၂ | ၁ | ၁၄ |
| ၄။ | ပဲခူး | ၄ | ၁ | ၃ | ၂ | ၆ |
| ၅။ | စစ်ကိုင်း | ၅ | ၂ | ၂ | ၄ | ၈ |
| ၆။ | ဧရာဝတီ | ၆ | ၀ | ၂ | ၆ | ၈ |
| ၇။ | တနင်္သာရီ | ၃ | ၀ | ၂ | ၃ | ၅ |
| ၈။ | ကချင် | ၅ | ၁ | ၆ | ၆ | ၁၃ |
| ၉။ | ကယား | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၀။ | ကရင် | ၄ | ၂ | ၁၈ | ၇ | ၂၇ |
| ၁၁။ | ချင်း | ၂ | ၄ | ၀ | ၀ | ၄ |
| ၁၂။ | မွန် | ၉ | ၄ | ၄ | ၁၇ | ၂၅ |
| ၁၃။ | ရခိုင် | ၅ | ၈ | ၁ | ၀ | ၉ |
| ၁၄။ | ရှမ်း(မြောက်) | ၅ | ၀ | ၅ | ၂၃ | ၂၈ |
| ၁၅။ | ရှမ်း(တောင်) | ၆ | ၂ | ၂ | ၂ | ၆ |
| ၁၆။ | ရှမ်း(အရှေ့) | ၁ | ၀ | ၄ | ၀ | ၄ |
| ၁၇။ | နေပြည်တော် | ၄ | ၀ | ၂ | ၉ | ၁၁ |
| | စုစုပေါင်း | ၉၁ | ၉၈ | ၂၂၆ | ၈၈ | ၄၁၂ |

Source: Medical Care Division, DoMS

*ဖျားခြင်းနှင့်လတ်တလော အသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများရှိသူ (သို့မဟုတ်) လတ်တလောအသက်ရှုလမ်းကြောင်းဆိုင်ရာ ပြင်းထန်ရောဂါလက္ခဏာများရှိသူ

+လတ်တလောအသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများမရှိသော်လည်း ခရီးသွား ရာဇဝင်ရှိခြင်း သို့မဟုတ် ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်နေထိုင်မှု ရာဇဝင်ရှိပြီး အခြားရောဂါများကြောင့် ကျန်းမာရေးစောင့်ရှောက်မှုပေးရန် စောင့်ကြပ်ကြည့်ရှုမှု လိုအပ်သောသူ

## ၅။ (၁၉-၆-၂၀၂၀) နံနက် ၇ နာရီအထိ တိုင်းဒေသကြီး/ ပြည်နယ်နှင့် မြို့နယ်များ၏ COVID-19 ရောဂါတွေ့ရှိခဲ့မှု အခြေအနေ

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် | | ပိုးတွေ့လူနာဦးရေ |
|---|---|---|---|---|
| ၁ | ရန်ကုန် | ၁ | အင်းစိန် | ၄၉ |
| | | ၂ | မရမ်းကုန်း | ၁၆ |
| | | ၃ | တောင်ဥက္ကလာပ | ၂၃ |
| | | ၄ | တာမွေ | ၁၀ |
| | | ၅ | ဗဟန်း | ၉ |
| | | ၆ | ပန်းဘဲတန်း | ၇ |
| | | ၇ | ဗိုလ်တထောင် | ၁၃ |
| | | ၈ | လှိုင်သာယာ | ၅ |
| | | ၉ | ကမာရွတ် | ၄ |
| | | ၁၀ | ဒဂုံမြို့သစ်(မြောက်ပိုင်း) | ၁၂ |
| | | ၁၁ | လှိုင် | ၁၁ |
| | | ၁၂ | မင်္ဂလာဒုံ | ၄ |
| | | ၁၃ | ရွှေပြည်သာ | ၃ |
| | | ၁၄ | ဒဂုံမြို့သစ်(အရှေ့ပိုင်း) | ၂ |
| | | ၁၅ | ဒေါပုံ | ၂ |
| | | ၁၆ | ကျောက်တံတား | ၂ |
| | | ၁၇ | မင်္ဂလာတောင်ညွန့် | ၂ |
| | | ၁၈ | မြောက်ဥက္ကလာပ | ၂ |
| | | ၁၉ | စမ်းချောင်း | ၂ |
| | | ၂၀ | သာကေတ | ၂ |
| | | ၂၁ | အလုံ | ၂ |
| | | ၂၂ | သဃ်္ဃန်းကျွန်း | ၂ |
| | | ၂၃ | ဒဂုံ | ၁ |
| | | ၂၄ | ဒဂုံမြို့သစ်(တောင်ပိုင်း) | ၁၁ |
| | | ၂၅ | လှည်းကူး | ၁ |
| | | ၂၆ | မှော်ဘီ | ၁ |

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် | | ပိုးတွေ့လူနာဦးရေ |
|---|---|---|---|---|
| | | ၂၇ | ပုဇွန်တောင် | ၁ |
| | | ၂၈ | ကျောက်တန်း | ၁ |
| | | ၂၉ | သန်လျင် | ၁ |
| ၂ | ပဲခူးတိုင်းဒေသကြီး | ၁ | ပေါက်ခေါင်း | ၄ |
| | | ၂ | ပြည် | ၃ |
| | | ၃ | ညောင်လေးပင် | ၁ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး | ၁ | ကလေး | ၆ |
| | | ၂ | စစ်ကိုင်း | ၃ |
| ၄ | ချင်းပြည်နယ် | ၁ | တီးတိန် | ၇ |
| | | ၂ | ဟားခါး | ၁ |
| | | ၃ | ထန်တလန် | ၁ |
| | | ၄ | မင်းတပ် | ၁ |
| ၅ | မန္တလေးတိုင်းဒေသကြီး | ၁ | ချမ်းမြသာစည် | ၁ |
| | | ၂ | အောင်မြေသာစံ | ၁ |
| | | ၃ | မတ္တရာ | ၁ |
| ၆ | ရှမ်းပြည်နယ် (အရှေ့ပိုင်း) | ၁ | မိုင်းဖြတ် | ၁ |
| | | ၂ | တာချီလိတ် | ၂ |
| | ရှမ်းပြည်နယ် (တောင်ပိုင်း) | ၁ | တောင်ကြီး | ၂ |
| | | ၂ | ရွာငံ | ၁ |
| | | ၃ | ဆီဆိုင် | ၁ |
| | ရှမ်းပြည်နယ် (မြောက်ပိုင်း) | ၁ | မူဆယ် | ၂ |
| | | ၂ | ကျောက်မဲ | ၁ |
| ၇ | နေပြည်တော် | ၁ | ဇမ္ဗူသီရိ | ၁ |
| | | ၂ | ဇေယျာသီရိ | ၁ |
| ၈ | မကွေး | ၁ | မြို့သစ် | ၁ |
| | | ၂ | မကွေး | ၁ |
| | | ၃ | သရက် | ၁ |
| ၉ | ကရင်ပြည်နယ် | ၁ | ဘားအံ | ၂၅ |
| ၁၀ | ရခိုင်ပြည်နယ် | ၁ | မောင်တော | ၅ |
| | | ၂ | သံတွဲ | ၁ |

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် | | ပိုးတွေ့လူနာဦးရေ |
|---|---|---|---|---|
| | | ၃ | တောင်ကုတ် | ၁ |
| | | ၄ | ဘူးသီးတောင် | ၂ |
| ၁၁ | မွန် | ၁ | ကျိုက်မရော | ၁ |
| ၁၂ | ကချင်ပြည်နယ် | ၁ | မိုးညှင်း | ၁ |
| | | ၂ | မိုးမောက်မြို့နယ် | ၁ |
| ၁၃ | တနင်္သာရီတိုင်းဒေသကြီး | ၁ | လောင်းလုံ | ၁ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၁ | ပုသိမ် | ၂ |
| စုစုပေါင်း | | ၆၂ မြို့နယ် | | ၂၈၆ |

- မြန်မာနိုင်ငံရှိ တိုင်းဒေသကြီး/ ပြည်နယ်များအနက် ကယားပြည်နယ် တစ်ခုတွင်သာ COVID-19 ရောဂါ အတည်ပြုလူနာ မတွေ့ရှိရပါ။
- မြန်မာနိုင်ငံရှိ မြို့နယ် (၃၃၀) အနက် မြို့နယ် (၂၆၈)မြို့နယ်တွင် COVID-19 ရောဂါ ပိုးတွေ့လူနာမတွေ့ရှိရပါ။
- COVID-19 ရောဂါ တွေ့ရှိခဲ့သော တိုင်းဒေသကြီး/ ပြည်နယ်နှင့် မြို့နယ်များ၏ အခြေပြမြေပုံကို နောက်ဆက်တွဲတွင် ဖော်ပြထားပါသည်။
- ရောဂါအတည်ပြုလူနာ စုစုပေါင်း (၂၈၆)ဦးအနက် ရောဂါပိုးကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ (၁၇၇) ဦး၊ သေဆုံးသူ (၆)ဦး၊ လက်ရှိတိုင်းဒေသကြီး/ ပြည်နယ်များရှိ သက်ဆိုင်ရာ ဆေးရုံများတွင် ကုသမှုခံယူလျက်ရှိသူ (၁၀၃)ဦး ရှိပါသည်။
- မြန်မာနိုင်ငံတွင် COVID-19 ဓာတ်ခွဲအတည်ပြုလူနာများရှိခဲ့သော တိုင်းဒေသကြီး/ ပြည်နယ် (၁၆)ခုရှိခဲ့ပြီး ယခုအချိန်တွင် COVID-19 ရောဂါပိုးကင်းစင်သွားပြီးဖြစ်သည့် တိုင်းဒေသကြီး/ ပြည်နယ် စုစုပေါင်း (၈) ခုရှိပြီး ၎င်းတို့မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး တို့ဖြစ်ပါသည်။

## ၆။ ရခိုင်ပြည်နယ်အတွင်း COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာများတွေ့ရှိရမှုအခြေအနေ (၁၉-၆-၂၀၂၀) ရက်နေ့၊ နံနက် ၇ နာရီ

| လူနာ အမှတ်စဉ် | အသက် | ကျား / မ | လူနာတွေ့ရှိခဲ့သည့် မြို့နယ် | ပြည်ပ ခရီးသွား ရာဇဝင် | လူနာနှင့် အနီးကပ် ထိတွေ့ခဲ့မှု | ကုသမှုပေး နေသည့်ဆေးရုံ | မှတ်ချက် |
|---|---|---|---|---|---|---|---|
| Case-188 | ၃၅ | ကျား | သံတွဲမြို့နယ် | ရှိ (မလေးရှား) | မရှိပါ | ခရိုင်ပြည်သူ့ဆေးရုံ၊ သံတွဲမြို့နယ် | (၁၇-၆-၂၀၂၀) ရက်နေ့တွင် ဆေးရုံမှ ဆင်းခွင့်ပြုပြီး |
| Case-190 | ၂၅ | ကျား | တောင်ကုတ် မြို့နယ် | ရှိ (မလေးရှား) | မရှိပါ | တောင်ကုတ်မြို့နယ် ဆေးရုံ | |
| Case-234 | ၃၈ | ကျား | မောင်တော မြို့နယ် | ရှိ (ဘင်္ဂလားဒေ့ရှ်) | မရှိပါ | ခရိုင်ပြည်သူ့ဆေးရုံ၊ မောင်တောမြို့နယ် | |
| Case-244 | ၂၅ | ကျား | မောင်တော မြို့နယ် | ရှိ (ဘင်္ဂလားဒေ့ရှ်) | မရှိပါ | ခရိုင်ပြည်သူ့ဆေးရုံ၊ မောင်တောမြို့နယ် | |
| Case-247 | ၄၆ | မ | မောင်တော မြို့နယ် | ရှိ (ဘင်္ဂလားဒေ့ရှ်) | မရှိပါ | ခရိုင်ပြည်သူ့ဆေးရုံ၊ မောင်တောမြို့နယ် | |
| Case-248 | ၃၂ | ကျား | မောင်တော မြို့နယ် | ရှိ (ဘင်္ဂလားဒေ့ရှ်) | မရှိပါ | ခရိုင်ပြည်သူ့ဆေးရုံ၊ မောင်တောမြို့နယ် | |
| Case-250 | ၂၆ | ကျား | ဘူးသီးတောင် မြို့နယ် | ရှိ (ဘင်္ဂလားဒေ့ရှ်) | မရှိပါ | ပြည်သူ့ဆေးရုံ၊ ဘူးသီးတောင်မြို့ | |
| Case-262 | ၆၃ | ကျား | ဘူးသီးတောင် မြို့နယ် | ရှိ (ဘင်္ဂလားဒေ့ရှ်) | မရှိပါ | ပြည်သူ့ဆေးရုံ၊ ဘူးသီးတောင်မြို့ | |
| Case-263 | ၁၇ | မ | မောင်တော မြို့နယ် | မရှိပါ | ရှိ (Case-262) | ခရိုင်ပြည်သူ့ဆေးရုံ၊ မောင်တောမြို့နယ် | |

## ၇။ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် COVID-19 ရောဂါပိုးတွေ့ရှိမှုနှင့် ရောဂါပိုးကင်းစင်မှုအခြေအနေ (၂၃-၃-၂၀၂၀)ရက်နေ့မှ (၁၉-၆-၂၀၂၀)ရက်နေ့အထိ

| | တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ်အရေအတွက် | | ဓါတ်ခွဲအတည်ပြု လူနာ ဦးရေ | ရောဂါပိုး ကင်းစင်သူ ဦးရေ |
|---|---|---|---|---|---|
| | | ရောဂါပိုးတွေ့ရှိခဲ့သည့် မြို့နယ် | ရောဂါပိုးကင်းစင် သွားသည့်မြို့နယ် | | |
| ၁ | ရန်ကုန် | ၂၈ | ၂၀ | ၂၀၁ | ၁၄၉ |
| ၂ | ကရင် | ၁ | - | ၂၅ | ၁ |
| ၃ | ချင်း | ၄ | ၁ | ၁၀ | ၆ |
| ၄ | စစ်ကိုင်း | ၂ | ၁ | ၉ | ၇ |
| ၅ | ပဲခူး | ၃ | ၃ | ၈ | ၇ |
| ၆ | ရခိုင် | ၄ | ၂ | ၉ | ၂ |
| ၇ | ရှမ်း (တောင်) | ၃ | ၁ | ၄ | ၂ |
| ၈ | ရှမ်း (အရှေ့) | ၂ | ၂ | ၃ | ၃ |
| ၉ | မန္တလေး | ၃ | ၃ | ၃ | ၃ |
| ၁၀ | ရှမ်း (မြောက်) | ၂ | ၂ | ၃ | ၃ |
| ၁၁ | မကွေး | ၃ | ၂ | ၃ | ၂ |
| ၁၂ | နေပြည်တော် | ၂ | ၂ | ၂ | ၂ |
| ၁၃ | ဧရာဝတီ | ၁ | ၁ | ၂ | ၂ |
| ၁၄ | ကချင် | ၂ | ၁ | ၂ | ၁ |
| ၁၅ | မွန် | ၁ | ၁ | ၁ | ၁ |
| ၁၆ | တနင်္သာရီ | ၁ | ၁ | ၁ | ၁ |
| **စုစုပေါင်း** | | ၆၂ | ၄၃ | ၂၈၆ | ၁၉၂ |

## ၈။ ကမ္ဘာ့နိုင်ငံများတွင် COVID-19 ရောဂါဖြစ်ပွားမှု အခြေအနေ

**(၁၈-၆-၂၀၂၀) ရက်နေ့၊ မြန်မာစံတော်ချိန် ည (၁၀:၃၀)နာရီအထိ အာရှနိုင်ငံအချို့၏ COVID-19 အများဆုံး (၁၀) နိုင်ငံ၏ အခြေအနေ**

| စဉ် | နိုင်ငံ | လူဦးရေ (သန်းပေါင်း) * | ဓာတ်ခွဲ အတည်ပြု လူနာ စုစုပေါင်း | (၂၄) နာရီအတွင်း ဓာတ်ခွဲ အတည်ပြု လူနာ အသစ် | သေဆုံးသူ ဦးရေ စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၂၉.၁ | ၂,၁၂၆,၀၂၇ | ၂၇,၉၂၁ | ၁၁၆,၇၀၂ |
| ၂။ | ဘရာဇီး | ၂၁၂.၄ | ၉၂၃,၁၈၉ | ၃၄,၉၁၈ | ၄၅,၂၄၁ |
| ၃။ | ရုရှ | ၁၄၃.၉ | ၅၆၁,၀၉၁ | ၇,၇၉၀ | ၇,၆၆၀ |
| ၄။ | အိန္ဒိယ | ၁၃၆၈.၇ | ၃၆၆,၉၄၆ | ၁၂,၈၈၁ | ၁၂,၂၃၇ |
| ၅။ | ယူနိုက်တက်ကင်းဒမ်း | ၇၉ | ၂၉၉,၂၅၅ | ၁,၁၁၅ | ၄၂,၁၅၃ |
| ၆။ | စပိန် | ၄၆.၄ | ၂၄၄,၆၈၃ | ၃၅၅ | ၂၇,၁၃၆ |
| ၇။ | အီတလီ | ၅၉.၂ | ၂၃၇,၈၂၈ | ၃၂၈ | ၃၄,၄၄၈ |
| ၈။ | ပီရူး | ၃၂.၉ | ၂၃၇,၁၅၆ | ၄,၁၆၄ | ၇,၀၅၆ |
| ၉။ | အီရန် | ၈၂.၈ | ၁၉၅,၀၅၁ | ၂,၆၁၂ | ၉,၁၈၅ |
| ၁၀။ | ဂျာမနီ | ၈၂.၄ | ၁၈၇,၇၆၄ | ၅၈၀ | ၈,၈၅၆ |

**Source: World Health Organization, UNFPA (World's population data -2019)**

* UNFPA မှ ၂၀၁၉ ခုနှစ်တွင် ထုတ်ပြန်ထားသော လူဦးရေစာရင်း

**(၁၈-၆-၂၀၂၀) ရက်နေ့၊ မြန်မာစံတော်ချိန် ည (၁၀:၃၀)နာရီအထိ အာရှနိုင်ငံအချို့၏ COVID-19 ရောဂါ ဖြစ်ပွားမှုအခြေအနေ**

| စဉ် | နိုင်ငံ | လူဦးရေ (သန်းပေါင်း) * | ယခုချိန်ထိ ဓာတ်ခွဲအတည်ပြု လူနာစုစုပေါင်း | လွန်ခဲ့သော (၂၄) နာရီ အတွင်း ဓာတ်ခွဲ အတည်ပြု လူနာအသစ် | ယခုချိန်ထိ သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | အိန္ဒိယ | ၁၃၆၈.၇ | ၃၆၆,၉၄၆ | ၁၂,၈၈၁ | ၁၂,၂၃၇ |
| ၂။ | ဘင်္ဂလားဒေ့ရှ် | ၁၆၈.၁ | ၉၈,၄၈၉ | ၄,၀၀၈ | ၁,၃၀၅ |
| ၃။ | တရုတ် | ၁၄၂၀.၁ | ၈၄,၉၀၃ | ၃၆ | ၄,၆၄၅ |
| ၄။ | ကာတာ | ၂.၇ | ၈၃,၁၇၄ | ၁,၀၉၇ | ၈၂ |
| ၅။ | ယူအေအီး | ၉.၇ | ၄၃,၃၆၄ | ၃၈၂ | ၂၉၅ |
| ၆။ | စင်ကာပူ | ၅.၉ | ၄၁,၂၁၆ | ၂၄၇ | ၂၆ |
| ၇။ | အင်ဒိုနီးရှား | ၂၆၉.၅ | ၄၁,၄၃၁ | ၁,၀၃၁ | ၂,၂၇၆ |
| ၈။ | ဂျပန် | ၁၂၆.၉ | ၁၇,၆၆၈ | ၄၀ | ၉၃၅ |
| ၉။ | ကိုရီးယား | ၅၁.၃ | ၁၂,၂၅၇ | ၅၉ | ၂၈၀ |
| ၁၀။ | မလေးရှား | ၃၂.၅ | ၈,၅၁၅ | ၁၀ | ၁၂၁ |
| ၁၁။ | နီပေါ | ၂၉.၉ | ၇,၁၇၇ | ၅၈၆ | ၂၀ |
| ၁၂။ | ထိုင်း | ၆၉.၃ | ၃,၁၄၁ | ၆ | ၅၈ |
| ၁၃။ | သီရိလင်္ကာ | ၂၁.၀ | ၁,၉၂၄ | ၉ | ၁၁ |
| ၁၄။ | ဗီယက်နမ် | ၉၇.၄ | ၃၃၅ | ၁ | ၀ |
| ၁၅။ | မြန်မာ | ၅၄.၃ | ၂၈၆ | ၂၃ | ၆ |
| ၁၆။ | ကမ္ဘောဒီးယား | ၁၆.၅ | ၁၂၉ | ၁ | ၀ |
| ၁၇။ | ဘူတန် | ၀.၈ | ၆၇ | ၀ | ၀ |
| ၁၈။ | လာအို | ၇.၁ | ၁၉ | ၀ | ၀ |

**Source: World Health Organization, UNFPA (World's population data –2019)**

## ၉။ COVID-19 ကာကွယ်၊ထိန်းချုပ်ရေးအတွက် တစ်ကိုယ်ရေသုံးရောဂါကာကွယ်ရေး ပစ္စည်းများ ဝယ်ယူဖြန့်ဖြူးထားရှိမှုအခြေအနေ

**COVID-19 ရောဂါကာကွယ်ရေးပစ္စည်းများ လက်ခံရရှိ/ဖြန့်ဖြူး/လက်ကျန်စာရင်း**
**(as of 18.6.2020)**

| စဉ် | ပစ္စည်းအမျိုးအမည် | AU | လက်ခံရရှိသော အရေအတွက် | ဖြန့်ဝေပြီး အရေအတွက် | လက်ကျန် အရေအတွက် |
|---|---|---|---|---|---|
| 1 | PPE Coverall | No. | ၃၀၁,၈၁၅ | ၂၄၃,၆၄၈ | ၅၈,၁၆၇ |
| 2 | PPE (Non Medical Grade) | No. | ၄၆,၄၀၀ | ၃၈,၂၀၀ | ၈,၂၀၀ |
| 3 | PPE Full Set | Set | ၅၆,၃၇၄ | ၁,၇၂၅ | ၅၄,၆၄၉ |
| 4 | N95 Mask | No. | ၇၅,၃၆၅ | ၅၃,၄၇၅ | ၂၁,၈၉၀ |
| 5 | KN-95 Mask | No. | ၂၄၆,၉၆၀ | ၂၂၀,၇၉၅ | ၂၆,၁၆၅ |
| 6 | Surgical Mask | No. | ၂၁,၆၉၆,၅၈၀ | ၁၆,၂၀၀,၂၉၀ | ၅,၄၉၆,၂၉၀ |
| 7 | Sugical Gown | No. | ၃၃,၁၂၅ | ၁၀,၂၀၀ | ၂၂,၉၂၅ |
| 8 | Surgical Glove | Pairs | ၄၉၇,၈၀၀ | ၁၉၁,၆၀၀ | ၃၀၆,၂၀၀ |
| 9 | Exam Glove | Box | ၂၀,၃၃၁ | ၁၅,၅၁၁ | ၄,၈၂၀ |
| 10 | Goggle | No. | ၁၂၄,၃၁၉ | ၂၁,၈၁၀ | ၁၀၂,၅၀၉ |
| 11 | Shoe Cover | Pairs | ၂၇,၆၄၀ | ၁၄,၃၈၀ | ၁၃,၂၆၀ |
| 12 | Bleaching Powder (65%, 40kg) | Drum | ၁,၄၀၅ | ၇၂၄ | ၆၈၁ |
| 13 | Face Shield | No. | ၅၂၁,၆၇၄ | ၄၀၄,၁၅၁ | ၁၁၇,၅၂၃ |
| 14 | Hand Sanitizer 500 ml | Bot | ၂၄၇,၄၀၅ | ၂၀၈,၉၇၂ | ၃၈,၄၃၃ |
| 15 | Non Contact Thermometer | No. | ၁၄,၉၉၁ | ၁၂,၅၀၆ | ၂,၄၈၅ |
| 16 | Hand Speaker with Memory Stick | No. | ၂၂,၁၇၀ | ၁၀,၆၄၄ | ၁၁,၅၂၆ |
| 17 | Viral Transport Medium (VTM) | No. | ၂၃၄,၉၂၀ | ၁၈၉,၇၂၀ | ၄၅,၂၀၀ |

## ၁၀။ COVID-19 နှင့်ပတ်သက်၍ အရွယ်ရောက်ပြီးသော မြန်မာလူမျိုးများ၏ရောဂါ အန္တရာယ်နှင့်ပတ်သက်သော သဘောထားအမြင်၊ ရောဂါကာကွယ်နိုင်မည့်နည်းလမ်းများနှင့် ပတ်သက်သော အသိအမြင်ကို လေ့လာသော သုတေသနစာတမ်း

ယနေ့ကမ္ဘာပေါ်တွင် ဖြစ်ပွားလျက်ရှိသော COVID-19 ရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ မြန်မာပြည်သူလူထု၏ သိမြင်နားလည်မှု၊ သဘောပေါက်ထားသော ဖြစ်နိုင်သည့် အန္တရာယ်နှင့် ရောဂါကာကွယ်နိုင်မည့် နည်းလမ်းများနှင့်ပတ်သက်သော အသိအမြင်ကို လေ့လာနိုင်ရန်အတွက် သုတေသနတစ်ခုကို ပြည်သူ့ကျန်းမာရေးတက္ကသိုလ်မှ ပါမောက္ခချုပ်ဦးဆောင်သော ဆရာ/ ဆရာမများနှင့် ပြည်သူ့ကျန်းမာရေးမဟာဘွဲ့/ဆေးရုံအုပ်ချုပ်မှု ပညာမဟာဘွဲ့လွန် ကျောင်းသား၊ ကျောင်းသူများသည် **၂၀၂၀ ခုနှစ် မတ်လ (၃) ရက်မှ မတ်လ (၂၀)ရက် နေ့ထိ** ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါသုတေသနကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဒဂုံရောနှင့် အောင်မင်္ဂလာ အဝေးပြေးကားဂိတ်၊ ဝမ်းတီးနှင့် မားမားခေါက်ဆွဲစက်ရုံ၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့ပေါ်ရပ်ကွက် (၄) ခုတို့ရှိ အသက် (၁၈)နှစ်နှင့် အထက်ရှိသော လူဦးရေ စုစုပေါင်း (၅၉၇) ယောက်တို့နှင့် မေးခွန်းများကို မေးမြန်းခြင်းအားဖြင့် ပြုလုပ်ခဲ့ပါသည်။

ဖြေဆိုသူများ၏ **၅၄ ရာခိုင်နှုန်း**သည် **အသက် ၂၁-၄၀ နှစ်**အတွင်းရှိသောသူများ ဖြစ်ပြီး **၆၃ ရာခိုင်နှုန်း**သည် ပညာအရည်အချင်းအားဖြင့် **အထက်တန်းနှင့် တက္ကသိုလ်၊ ကောလိပ်တက်**ရောက်နေသူများ ဖြစ်ပါသည်။

လူဦးရေစုစုပေါင်း (၅၉၇) ယောက်နှင့် တွေ့ဆုံမေးမြန်းပြီးနောက် ရရှိလာသော အဓိက သုတေသနတွေ့ရှိချက်များမှာ-

### COVID-19 နှင့်ပတ်သက်သော ဗဟုသုတများ (Knowledge)

- ဖြေဆိုသူများ၏ **၉၈ ရာခိုင်နှုန်း**သည် လတ်တလောဖြစ်ပွားနေသော COVID-19 ရောဂါအကြောင်းကို ကြားဖူးသည်ဟု ဖြေဆိုသော်လည်း အဆိုပါလူဦးရေထဲမှ **၈၇ ရာခိုင်နှုန်း** သည် COVID-19 ရောဂါနှင့်ပတ်သက်သော ဗဟုသုတအနည်းငယ်သာရှိပါသည်။
- **၂၇ ရာခိုင်နှုန်း**သာလျှင် COVID-19 ကို ဖြစ်စေနိုင်သောအဓိကအကြောင်းအရင်း (Causal agent) ကို မှန်ကန်စွာဖြေဆိုနိုင်ပါသည်။

- ဖြေဆိုသူများ၏ **၆၇ ရာခိုင်နှုန်းခန့်**က COVID-19 သည် ချောင်းဆိုးခြင်း၊ နှာစေးခြင်း နှင့် စကားပြောခြင်းစသည်တို့မှထွက်သော အရည်၊ အစက်များကြောင့် ကူးစက်သည်ဟု ဖြေဆိုပြီး **၃၀ ရာခိုင်နှုန်း**ကသာ နီးကပ်စွာထိတွေ့ခြင်းကြောင့် ကူးစက်နိုင်သည်ဟု ဖြေဆိုပါသည်။
- လက်ကို မကြာခဏဆေးကြောခြင်းသည် ရောဂါပိုးကူးစက်ခြင်းကို ကာကွယ်နိုင် ကြောင်း သိနားလည်သူသည် မေးမြန်းခံရသူများ၏ **တစ်ဝက်ခန့် (၅၅ ရာခိုင်နှုန်း)** သာ လျှင်ရှိပါသည်။
- လူထူထပ်သောနေရာများကို ရှောင်ကြဉ်ရမည်ဟု **၄၅ ရာခိုင်နှုန်း**က ဖြေဆိုပါသည်။
- ရောဂါပိုးရှိသူများနှင့်နီးကပ်စွာ နေထိုင်ခြင်းကို ရှောင်ကြဉ်ခြင်းသည် ရောဂါကူးစက် ခြင်းကို ကာကွယ်နိုင်ကြောင်းသိနားလည်သူသည် **၁၁ ရာခိုင်နှုန်းခန့်**သာရှိပါသည်။
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် COVID-19 နှင့်ပတ်သက်သော သတင်းအချက်အလက်များကို အဓိကရရှိသောနေရာဖြစ်ကြောင်းကို **၁၃ ရာခိုင်နှုန်း**က ဖြေဆိုပါ သည်။
- **၂၅ ရာခိုင်နှုန်း**သော ဖြေဆိုသူများက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ယုံကြည်ရသော သတင်းအချက်အလက်များကိုပေးနိုင်သော အဓိကအရင်းအမြစ်ဖြစ် ကြောင်း ဖြေဆိုခဲ့ပါသည်။

**COVID-19 နှင့်ပတ်သက်၍ သိမြင်နားလည်ခြင်း (Perception)**

- အသွားအလာထိန်းချုပ်ကန့်သတ်ခြင်းသည် COVID-19 ကာကွယ်ရေးနှင့်ပတ်သက်၍ ကောင်းမွန်သော နည်းလမ်းဖြစ်ပါသလားဟုမေးမြန်းရာတွင် **၆၂ ရာခိုင်နှုန်းခန့်**သော ဖြေဆိုသူများက သဘောတူညီမှု မရှိပါ။
- ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုသည် COVID-19 ကာကွယ်ရေးတွင် အရေးပါကြောင်း ကို ဖြေဆိုသူ၏ **၉၉ ရာခိုင်နှုန်း**က သဘောတူညီမှုရှိသည်။

**ရောဂါမဖြစ်ပွားစေရန် ကာကွယ်ရေးနည်းလမ်းများကို လိုက်နာကျင့်သုံးမှု (Reported Protective Behaviors)**

- ဖြေဆိုသူများ၏ **၂၂ ရာခိုင်နှုန်း**သာလျှင် ကောင်းမွန်မှန်ကန်သော ရောဂါကာကွယ်ရေး နည်းလမ်းများကို ကျင့်သုံးသည်ဟု ဖြေဆိုပါသည်။

- လက်ကို မကြာခဏဆေးကြော (တစ်နေ့လျှင် ၅ ကြိမ်နှင့် အထက်) သည်ဟု ဖြေဆိုသူ **၄၅ ရာခိုင်နှုန်း**ရှိပါသည်။
- ချောင်းဆိုး၊ နှာချေစဉ်တွင် ဖုံးအုပ်ထားကြောင်းဖြေဆိုသူသည် **၄၇ ရာခိုင်နှုန်း** ရှိပါ သည်။
- ကောင်းမွန်မှန်ကန်သော ရောဂါကာကွယ်ရေးနည်းလမ်းများကို ကျင့်သုံးသည့် အလေ့အထသည် ဧရာဝတီတိုင်းနှင့် အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် နေထိုင်သူများသည် ရန်ကုန်တိုင်းဒေသကြီးတွင် နေထိုင်သောသူများထက် လျော့နည်းကြောင်း တွေ့ရှိရပါသည်။

ဤသုတေသနအရ ပြည်သူလူထုအတွင်းတွင် COVID-19 နှင့်ပတ်သက်သောဗဟုသုတ၊ အသိပညာနှင့် ရောဂါမဖြစ်ပွားစေရန် ကာကွယ်နိုင်စေသည့်နည်းလမ်းများ လိုက်နာကျင့်သုံး မှု နည်းပါးနေသည်ကို တွေ့ရှိရပါသည်။

ဤသုတေသနတွေ့ရှိချက်ပေါ်အခြေခံ၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် COVID-19 နှင့်ပတ်သက်၍ ပြည်သူများ၏ ဗဟုသုတ၊ သဘောထားအမြင်နှင့် လိုက်နာကျင့်သုံးမှု တိုးတက် ကောင်းမွန်လာစေရန်အတွက် ရပ်ကွက်၊ ကျေးရွာတိုင်း၌ လက်ကိုင်အသံချဲ့စက်များ၊ အသံချဲ့စက်များကို အသုံးပြု၍ နေ့စဉ် (၅)ကြိမ် ကြေညာနှိုးဆော်ပေးရန် တိုက်တွန်းနေရခြင်း ဖြစ်ပါသည်။

## ၁၁။ အထွေထွေ

(က) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ဂုဏ်ထူးဆောင်ပါမောက္ခ ပါမောက္ခ ဒေါက်တာဖေသက်ခင်မှ ဥက္ကဋ္ဌ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ဒေါက်တာမျိုးခင်မှ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်သော အဖွဲ့ဝင် (၂၄)ဦး ပါဝင်သည့် **“ COVID-19 ကပ်ရောဂါ ၏ နောက်ဆက်တွဲဖြစ်ပေါ်နိုင်သည့် ကျန်းမာရေးဆိုင်ရာ အကျိုးဆက်များနှင့် ကျန်းမာရေး စနစ်အပေါ်သက်ရောက်မှုများကို ကြိုတင်မှန်းဆပြင်ဆင်ဆောင်ရွက်နိုင်ရေး အကြံပေးအဖွဲ့”** ကို (၂၇-၄-၂၀၂၀) ရက်နေ့တွင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။ အဆိုပါအဖွဲ့၏ တာဝန်နှင့် ဝတ္တရား များမှာ -

- COVID-19 ကပ်ရောဂါ၏ နောက်ဆက်တွဲဖြစ်ပေါ်နိုင်သည့်အကျိုးဆက်များကို ခန့်မှန်း သုံးသပ်တွက်ချက်ရန်၊
- COVID-19 ကပ်ရောဂါကြောင့် ကျန်းမာရေးစနစ်အပေါ် သက်ရောက်မှုများကို ဘက် ပေါင်းစုံမှ စဉ်းစားသုံးသပ်ရန်၊
- အဆိုပါခန့်မှန်းသုံးသပ်ချက်အပေါ်မူတည်၍ ကြိုတင်ပြင်ဆင်သင့်သည့် အချက်များကို ရေတို၊ ရေရှည်ကာလအလိုက် အစီအစဉ်များရေးဆွဲနိုင်ရေး အကြံပြုတင်ပြရန်၊
- သက်ဆိုင်ရာစီမံချက်များအလိုက်၊ ဌာနခွဲများအလိုက်၊ ကြိုတင်ပြင်ဆင်ထားရမည့် သီးခြားအစီအစဉ်များနှင့်ပတ်သက်၍ ပညာရပ်ဆိုင်ရာ အကြံပြုတင်ပြရန်တို့ဖြစ်ပါ သည်။

(ခ) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသရှိ ပြည်နယ်များနှင့် ရန်ကုန် တိုင်းဒေသကြီးသို့ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြား ရေးမှူးများ ဦးဆောင်သော ဗဟိုအဆင့် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့နှင့် (Rapid Response Team) အဖွဲ့များကိုစေလွှတ်၍ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ကြီးကြပ် ကူညီပံ့ပိုးပေးလျက်ရှိ ပါသည်။

(ဂ) ရန်ကုန်မြို့ရှိ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနနှင့် ဆေးသုတေသနဦးစီးဌာန တို့တွင် COVID-19 ရောဂါပိုးကို Polymerase Chain Reaction (PCR) နည်းပညာဖြင့် စောင့်ကြည့် လူနာ၊ အသွားအလာကန့်သတ်ကာစောင့်ကြည့်ခံရသူများနှင့် လူနာနှင့်အနီးကပ် ထိတွေ့သူများထံမှ ဓာတ်ခွဲနမူနာများကို နေ့စဉ်ပိုမိုရယူပြီး ယခင်ကထက် တိုးမြှင့်စစ်ဆေးသွားရန် ဆောင်ရွက်လျက် ရှိပါသည်။ မန္တလေးမြို့၊ မော်လမြိုင်မြို့၊ တောင်ကြီးမြို့နှင့် လားရှိုးမြို့တို့ရှိ ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲခန်းများတွင်လည်း အလားတူနည်းပညာဖြင့် COVID-19 ရောဂါပိုး ဓာတ်ခွဲစစ်ဆေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) သည် (၁-၆-၂၀၂၀)ရက်နေ့မှစတင်၍ ဓာတ်ခွဲနမူနာများစတင် စစ်ဆေးလျက်ရှိပြီး ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှု ဆိုင်ရာဌာန (မော်လမြိုင်) ဓာတ်ခွဲခန်းသည်လည်း (၄-၆-၂၀၂၀) ရက်နေ့မှစတင်၍ ဓာတ်ခွဲနမူနာ စတင်စစ်ဆေးလျက်ရှိပါသည်။

(ဃ) COVID-19 ရောဂါပျောက်ကင်း သက်သာသွားသည့်သူများ၏ သွေးရည်ကြည်ကို အသုံးပြု ထည့်သွင်း၍ COVID-19 ပိုးတွေ့လူနာများအား ကုသပေးနိုင်ရန်အတွက် COVID-19 နှင့် ပတ်သက်

သည့် နိုင်ငံတကာကုထုံးများ၊ သုတေသနတွေ့ရှိချက်များ၊ ဆေးပညာကျင့်ဝတ် တို့ပေါ်မူတည်၍ မိမိတို့နိုင်ငံအနေဖြင့် ဆောင်ရွက်ရန် သင့်တော်သည့်အခြေအနေများကို စဉ်းစား ဆွေးနွေးသုံးသပ်၍ အကြံပြုနိုင်ရန်အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန သည် သွေးရောဂါပညာဌာန၊ ပါမောက္ခ/ ဌာနမှူး (ငြိမ်း) ပါမောက္ခဒေါက်တာရဲမြမှ ဥက္ကဋ္ဌ အဖြစ် တာဝန်ယူဆောင်ရွက်သော **"ပြန်လည်သက်သာကောင်းမွန်သွားသော COVID-19 လူနာ၏ သွေးရည်ကြည်ဖြင့် COVID-19 ပိုးတွေ့လူနာများအား စမ်းသပ်ကုသနိုင်ရေးအတွက် Ad hoc အကြံပေးအဖွဲ့"** ကို (၁၆-၄-၂၀၂၀) ရက်နေ့တွင် ဖွဲ့စည်းတာဝန်ပေးအပ်ပြီး ဆောင်ရွက်လျက် ရှိပါသည်။

(င) နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ပြည်သူများ၊ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်း များ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများမှ တာဝန်ရှိသူများ Video Conferencing ပြုလုပ်ရာတွင် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၏ လမ်းညွှန်မှုနှင့် ပြောကြားချက်များကိုစုစည်းထားပြီး မိမိတို့ဝန်ထမ်းများက အကောင်အထည်ဖော်ဆောင် ရွက်လျက်ရှိပါသည်။

(စ) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် ဆေးသုတေသနဦးစီးဌာန၊ ပို့ဆောင် ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ Blue Ocean Investment Limited နှင့် မိုဘိုင်းအော်ပရေတာများ (MPT, Telenor, Ooredoo, Mytel) ပူးပေါင်းကာ COVID -19 ရောဂါဆိုင်ရာ သိရှိလိုသည်များကို ပြည်သူများမှ အခမဲ့ ဖုန်းခေါ်ဆို မေးမြန်းနိုင်သော **National COVID-19 Call Center** ဖုန်းနံပါတ် "2019" အား (၈-၄-၂၀၂၀) ရက်နေ့မှစတင်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါ Cell Center မှတစ်ဆင့် COVID- 19 ရောဂါဆိုင်ရာ ကျန်းမာရေးအသိပညာပေး သတင်းအချက် အလက်များကို လိုင်းခွဲနံပါတ် (၁) မှ (၅) အထိ စက်ဖြင့် အလိုအလျောက် ဖြေကြားပေးလျက်ရှိပြီး ပြည်သူများမှ လိုင်းခွဲနံပါတ် (၀) မှ တစ်ဆင့် တိုက်ရိုက်မေးမြန်းလာသည်များကို လည်း ဆေးသုတေသန ဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဆရာဝန်အသင်း (MMA) တို့မှ ဆရာဝန်များနှင့် တာဝန်ရှိသူများက နေ့စဉ် နံနက် (၈) နာရီမှ ည (၈) နာရီအထိ ဖြေကြား ဆောင်ရွက်ပေးလျက်ရှိပါသည်။

(ဆ) ကမ္ဘာ့နိုင်ငံအများစုနှင့် နှိုင်းယှဉ်ပါက မြန်မာနိုင်ငံ၌ ရောဂါဖြစ်ပွားမှုသည် နည်းပါးနေသေးကြောင်း တွေ့ရှိရသော်လည်း-

- အသွားအလာကန့်သတ်၍ ရောဂါစောင့်ကြပ်ကြည့်ရှုလျက်ရှိသည့်နေရာများကို စနစ် တကျ စီမံခန့်ခွဲမှု မရှိလျှင်သော်လည်းကောင်း၊
- ပိုးတွေ့လူနာနှင့် အနီးကပ်ထိတွေ့ဆက်စပ်သူများကို အချိန်နှင့်တစ်ပြေးညီ ရှာဖွေ ဖော်ထုတ်ခြင်း မပြုနိုင်လျှင်သော်လည်းကောင်း၊
- ပြည်သူများ မိမိအိမ်တွင်သာ တတ်နိုင်သမျှ နေထိုင်ရန်နှင့် တစ်ဦးနှင့်တစ်ဦး (၆) ပေ ခန့်အကွာတွင် ခပ်ခွာခွာနေထိုင်ရန်စသည့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များကို တိကျစွာ မလိုက်နာလျှင်သော်လည်းကောင်း ရောဂါကူးစက် ပြန့်ပွားမှုသည် အချိန်တိုအတွင်း ပိုမိုများပြားလာနိုင်ပါသည်။

သို့ဖြစ်ပါ၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်လျက်ရှိသည့် လမ်းညွှန် ချက်နှင့် အကြံပြုချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော် အပ်ပါသည်။

## ၁၂။ ပြည်သူများ ဝင်ရောက်ကြည့်ရှုသင့်သည့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ COVID-19 ဆိုင်ရာ အင်တာနက်လိပ်စာ Link များ

**(က) Myanmar COVID-19 Surveillance Dashboard**

**Mobile View:** https://bit.ly/2W0cmeE

**Desktop View:** https://bit.ly/2KCvZnQ

**(ခ) မြန်မာနိုင်ငံ၏ COVID-19 ရောဂါဖြစ်ပွားမှု အခြေအနေပြ အစီရင်ခံစာများ (Situation Reports)**

https://mohs.gov.mm/page/9575

**(ဂ) ပြည်သူများအတွက် ကိုရိုနာဗိုင်းရပ်စ် COVID-19 ဆိုင်ရာ ကျန်းမာရေးအသိပညာများ**

https://mohs.gov.mm/Main/content/publication/2019-ncov


**(ဃ) ကျန်းမာရေးဝန်ထမ်းများအတွက် လုပ်ငန်းလမ်းညွှန်များ**

https://mohs.gov.mm/Main/content/publication/2019-ncov

**(င) COVID-19 စောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေး အစည်းအဝေးများ၌ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာမြင့်ထွေး၏ ပြောကြားချက်များမှ ကောက်နုတ်ချက်များ (၂၄-၁-၂၀၂၀) ရက်နေ့မှ (၁၁-၆-၂၀၂၀) ရက်နေ့အထိ** https://mohs.gov.mm/page/10542


# COVID-19 Cases in Myanmar

## (Total: 286, as of: 19-6-2020, 8:00 AM)




# COVID-19 Cases (Yangon Region)

## (Total: 201, as of: 19-6-2020, 8:00 AM)




# COVID-19 Cases (Bago Region)

## (Total: 8, as of: 19-6-2020, 8:00 AM)




# COVID-19 Cases (Sagaing Region)

## (Total: 9, as of: 19-6-2020, 8:00 AM)




# COVID-19 Cases (Chin State)

**(Total: 10, as of: 19-6-2020, 8:00 AM)**




# COVID-19 Cases (Mandalay Region)

**(Total: 3, as of: 19-6-2020, 8:00 AM)**




# COVID-19 Cases (Shan State - East)

## (Total: 3, as of: 19-6-2020, 8:00 AM)




# COVID-19 Cases (Shan State - North)

## (Total: 3, as of: 19-6-2020, 8:00 AM)




# COVID-19 Cases (Shan State - South)

## (Total: 4, as of: 19-6-2020, 8:00 AM)




# COVID-19 Cases (Naypyitaw Union Territory)

## (Total: 2, as of: 19-6-2020, 8:00 AM)




# COVID-19 Cases (Mon State)

## (Total: 1, as of: 19-6-2020, 8:00 AM)




# COVID-19 Cases (Magway Region)

## (Total: 3, as of: 19-6-2020, 8:00 AM)




# COVID-19 Cases (Kachin State)

**(Total: 2, as of: 19-6-2020, 8:00 AM)**




# COVID-19 Cases (Kayin State)

## (Total: 25, as of: 19-6-2020, 8:00 AM)




# COVID-19 Cases (Tanintharyi Region)

**(Total: 1, as of: 19-6-2020, 8:00 AM)**



# COVID-19 Cases (Ayeyarwady Region)

**(Total: 2, as of: 19-6-2020, 8:00 AM)**



# COVID-19 Cases (Rakhine State)

## (Total: 9, as of: 19-6-2020, 8:00 AM)

